# (၁၁-၁၂-၂၀၂၀)မှ (၁၇-၁၂-၂၀၂၀)အထိ

# သကြားပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ် ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ(White Sugar) တစ်တန်လျှင် (၂-၁၁-၂၀၂၀) ရက်နေ့တွင် အမေရိကန်ဒေါ်လာ (၄၀၂.၄၅) ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျအပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး (၁၆-၁၂-၂၀၂၀) ရက်နေ့တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၉၅.၉) ဒေါ်လာဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 16-Dec-20 | 13.97 cts/lb | 13.95 cts/lb | 395.90 $/T | 17.96 cts/lb |
| 15-Dec-20 | 13.73 cts/lb | 13.96 cts/lb | 390.25 $/T | 17.70 cts/lb |
| 14-Dec-20 | 13.64 cts/lb | 13.99 cts/lb | 388.10 $/T | 17.60 cts/lb |
| 11-Dec-20 | 13.87 cts/lb | 14.03 cts/lb | 393.70 $/T | 17.86 cts/lb |
| 10-Dec-20 | 14.06 cts/lb | 14.07 cts/lb | 398.80 $/T | 18.09 cts/lb |
| 9-Dec-20 | 14.32 cts/lb | 14.09 cts/lb | 405.75 $/T | 18.40 cts/lb |
| 8-Dec-20 | 13.86 cts/lb | 14.11 cts/lb | 394.45 $/T | 17.89 cts/lb |
| 7-Dec-20 | 13.92 cts/lb | 14.15 cts/lb | 395.55 $/T | 17.94 cts/lb |
| 4-Dec-20 | 13.88 cts/lb | 14.19 cts/lb | 394.90 $/T | 17.91 cts/lb |
| 3-Dec-20 | 13.93 cts/lb | 14.21 cts/lb | 400.75 $/T | 18.18 cts/lb |
| 2-Dec-20 | 14.02 cts/lb | 14.22 cts/lb | 398.35 $/T | 18.07 cts/lb |
| 1-Dec-20 | 13.99 cts/lb | 14.21 cts/lb | 396.30 $/T | 17.98 cts/lb |
| 30-Nov-20 | 13.88 cts/lb | 14.21 cts/lb | 395.40 $/T | 17.94 cts/lb |
| 27-Nov-20 | 14.11 cts/lb | 14.23 cts/lb | 401.25 $/T | 18.20 cts/lb |
| 26-Nov-20 | 14.08 cts/lb | 14.24 cts/lb | 401.10 $/T | 18.19 cts/lb |
| 25-Nov-20 | 14.04 cts/lb | 14.21 cts/lb | 398.00 $/T | 18.05 cts/lb |
| 24-Nov-20 | 14.22 cts/lb | 14.19 cts/lb | 404.65 $/T | 18.35 cts/lb |
| 23-Nov-20 | 14.33 cts/lb | 14.17 cts/lb | 407.00 $/T | 18.46 cts/lb |
| 20-Nov-20 | 14.34 cts/lb | 14.13 cts/lb | 408.30 $/T | 18.52 cts/lb |
| 19-Nov-20 | 14.46 cts/lb | 14.11 cts/lb | 409.70 $/T | 18.58 cts/lb |
| 18-Nov-20 | 14.59 cts/lb | 14.05 cts/lb | 411.95 $/T | 18.69 cts/lb |
| 17-Nov-20 | 14.44 cts/lb | 13.98 cts/lb | 409.00 $/T | 18.55 cts/lb |
| 16-Nov-20 | 14.52 cts/lb | 13.95 cts/lb | 413.70 $/T | 18.77 cts/lb |
| 13-Nov-20 | 14.14 cts/lb | 13.91 cts/lb | 409.80 $/T | 18.59 cts/lb |
| 12-Nov-20 | 14.17 cts/lb | 13.91 cts/lb | 406.85 $/T | 18.45 cts/lb |
| 11-Nov-20 | 13.85 cts/lb | 13.90 cts/lb | 397.85 $/T | 18.05 cts/lb |
| 10-Nov-20 | 14.04 cts/lb | 13.92 cts/lb | 400.35 $/T | 18.16 cts/lb |
| 9-Nov-20 | 14.15 cts/lb | 13.91 cts/lb | 401.70 $/T | 18.22 cts/lb |
| 6-Nov-20 | 14.16 cts/lb | 13.90 cts/lb | 401.85 $/T | 18.23 cts/lb |
| 5-Nov-20 | 13.71 cts/lb | 13.89 cts/lb | 391.95 $/T | 17.78 cts/lb |
| 4-Nov-20 | 13.79 cts/lb | 13.90 cts/lb | 393.20 $/T | 17.84 cts/lb |
| 3-Nov-20 | 13.80 cts/lb | 13.89 cts/lb | 397.75 $/T | 18.04 cts/lb |
| 2-Nov-20 | 14.01 cts/lb | 13.87 cts/lb | 402.45 $/T | 18.25 cts/lb |

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလဒုတိယပတ်တွင် တရုတ်နိုင်ငံမှာ ဖြစ်ပေါ်နေသော သကြား ဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၂၃ ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန် နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၈၉ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန် လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၇၂-၄၉၄ ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၄၂-၅၂၃ ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် သကြားဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့ပြီးအိန္ဒိယနိုင်ငံတွင်သကြားဈေးနှုန်း မြင့်တက်ခဲ့ကာ အမေရိကန်နိုင်ငံတွင် သကြားဈေးနှုန်း တည်ငြိမ်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါ သည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလဒုတိယပတ်တွင် မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၃၄၃ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၈၂၃ ဒေါ်လာ ပေါက်ဈေးရှိသောကြောင့် တစ် တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၄၈၀ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ်၊ မြဝတီမြို့တွင် သကြား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၉ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၆ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေ ပြီး ဘားအံမြို့နှင့် မကွေးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

Trading Economics Website တွင်ဖော်ပြချက်အရ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများသည် ယခင်အပတ်နှင့်နှိုင်းယှဉ်လျှင် သုည ဒသမ ၁၄ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကေသွယ်(တန့်ဆည်မြေ)**